# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# ၂၀ ရက်မြောက်နေ့ အစီအစဉ်
# [ ၂၇–၆–၂၀၁၄ ] (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ **နိုင်ငံတော်၏ ဒေသအချို့တွင် ကျူးလွန်နေကြသော မူးယစ်ဆေးဝါး ရောင်းဝယ်ခြင်း၊ လောင်းကစားခြင်း၊ KTV၊ အနှိပ်ခန်းများ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမောင်မောင်စိုး၊ အင်္ဂပူ မဲဆန္ဒနယ်၏ **အင်္ဂပူမြို့နယ်၊ မီးသတ်တပ်ဖွဲ့ဝန်ထမ်းများအတွက် နေအိမ်လိုင်းခန်းများ ဆောက်လုပ်ပေးနိုင်မှု ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမြသိန်း ၊ ဘိုကလေး မဲဆန္ဒနယ်၏ **ဘိုကလေးမြို့ပေါ်တွင် လျှပ်စစ်လမ်းမီးများရရှိရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအောင်ဇင်၊ ပုဇွန်တောင် မဲဆန္ဒနယ်၏ **ဒီရေတောများနှင့် သန္တာကျောက်တန်းများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်မည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးသန်းမြင့်၊ ဝမ်းတွင်း မဲဆန္ဒနယ်(ကိုယ်စား) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ **သစ်ပင်များကိုခိုးထုတ်၊ ခိုးလှဲပါက ချက်ချင်း စီရင်ချက် ချမှတ်ရသည့် ဥပဒေပြင်ဆင် ရေးဆွဲရန် ရှိ၊ မရှိနှင့် နယ်စပ်ဒေသ များ၌ သစ်ခိုးမှု၊ ရောင်းဝယ်မှုတို့ကို ဟန့်တားနိုင်ရန်အတွက် လုံခြုံရေးတိုးမြှင့်ပေးနိုင်မှု ရှိ၊ မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်နန်းစေအွာ၊ ဘားအံ မဲဆန္ဒနယ်(ကိုယ်စား) ဒေါ်ဇာတလဲမ်း၊ ထန်တလန် မဲဆန္ဒနယ်၏ **ဘားအံမြို့နယ်၊ နောင်ကမြိုင် ကျေးရွာမှ လယ်မြေကေ (၃၀၀၀)ကျော် ဆုံးရှုံးခဲ့သော ရေဘုတ်ဆည်သည် မည်မျှရင်းနှီးမြှုပ်နှံ ကုန်ကျခဲ့သည်ကို သိလိုသည်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၏ **ဆည်မြောင်းဦးစီးဌာနမှ သိမ်းဆည်းထားသော လက်ပံတန်းမြို့နယ်၊ မကျည်းကွင်း ကျေးရွာမှ မြေဧရိယာ၏ ဆောင်ရွက်ထားရှိမှု** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးစိုင်းမောင်တင်၊ လဲချား မဲဆန္ဒနယ်၏ **လဲချားမြို့နယ်ရှိ နှစ်စဉ် ပြုပြင်ခဲ့ကြသော ဝါးဆည်များကို သစ်ရိုက်ကျောက်ဖြည့်ဆည်များ အဖြစ် အဆင့်မြှင့်တင်အစားထိုးပေးနိုင်ရေး** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော **"The Whipping Act (1909) (ကြိမ်ဒဏ်ပေးခြင်း အက်ဥပဒေ)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ထပ်မံ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ၂၀ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၁ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။